# ပညာတော်သင်ကျောင်းသား၏ နေထိုင်ခွင့်ဗီဇာ (ဇိုင်းလျူးရှီခါ့ခု)နှင့် ပတ်သက်၍

* ဤသည်မှာ ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၉ရက်နေ့အချိန်တွင် ရှိသည့်အချက်အလက်များဖြစ်သည်။

● ဆက်လက်ပြီး ကျောင်းတက် ပညာသင်ယူမည့်သူ

◆"ပညာတော်သင်" (လျူးဂါ့ကု) နေထိုင်ခွင့်ဗီဇာကို အသစ်ပြင်နိုင်သည်။

-တက်ရောက်သည့်ကျောင်း ပြောင်းလဲသော်လည်း အသစ်ပြင်နိုင်သည်။

-"ကန့်သတ်ချက်ကျော်လွန် လုပ်ရှားမှု" (ရှိခတ်ခုဂါအိ ခတ်ဆုဒိုး) ခွင့်ပြုချက် ရရှိလျှင် သီတင်းတစ်ပတ်လျှင် ၂၈နာရီအထိ အချိန်ပိုင်းအလုပ် လုပ်နိုင်သည်။

- ဂျပန်ဘာသာကျောင်း တက်နေသူသည် ၂နှစ်ကျော်လွန်သော်လည်း ဆက်လက်တက်ရောက်နိုင်သည်။

(ထိုအခါတွင် "ပညာတော်သင်" နေထိုင်ခွင့်ဗီဇာ"ကို ထပ်မံ အသစ်ပြင်ပါ)

● ကျောင်းပြီးခဲ့သော်လည်း မိခင်နိုင်ငံသို့ မပြန်နိုင်သူ

◆"အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (တိုကုတဲအိ ခတ်ဆုဒိုး) (ဖလတာ)"နေထိုင်ခွင့်ဗီဇာသို့ ပြောင်းလဲနိုင်သည်။

- အလုပ်လုပ်လိုသူသည် သီတင်းတစ်ပတ်လျှင် ၂၈နာရီအထိ အချိန်ပိုင်းအလုပ်လုပ်နိုင်သည်။

("ကန့်သတ်ချက်ကျော်လွန် လှုပ်ရှားမှု" ခွင့်ပြုချက် မရှိလည်း ရသည်)

- မပြန်နိုင်ဘဲ နေထိုင်ခွင့်ဗီဇာကို "ပညာတော်သင်"မှ"အချိန်တိုနေထိုင်မှု" (တန်းကီ တိုင်းဇိုင်း) နှင့် "အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (ဖလတာ၊ အလုပ်မလုပ်နိုင်)" သို့ ပြောင်းခဲ့သူလည်း ထပ်မံပြောင်းလဲနိုင်သည်။

- ပညာတော်သင်ကျောင်းသားနှင့် ပညာတော်သင်ကျောင်းသားဟောင်း၏ မိသားစုများလည်း နေထိုင်ခွင့်ဗီဇာကို ပြောင်းလဲနိုင်သည်။

◆"ပညာတော်သင်" နေထိုင်ခွင့်ဗီဇာသက်တမ်း ကျန်နေသေးပြီး "ကန့်သတ်ချက်ကျော်လွန် လှုပ်ရှားမှု" ရထားသူသည် ကျောင်းပြီးသည့်နောက်တွင်လည်း သီတင်းတစ်ပတ်လျှင် ၂၈နာရီအထိ အချိန်ပိုင်းအလုပ်လုပ်နိုင်သည်။

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会
原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

● ကျောင်းပြီးနောက် ဂျပန်မှ အလုပ်တွင် လုပ်ကိုင်ရန် သေချာနေသူ

◆ကန့်သတ်ချက်များနှင့်

ကိုက်ညီပါက"နည်းပညာ/လူမှုအသိပညာ/နိုင်ငံတကာတာဝန်"(ဂီဂျူဆု/ဂျင်းဘွန်းချိအိရှိခီ/ကိုကုစိုင်း ဂယောမု)

နေထိုင်ခွင့်ဗီဇာ စသည်များသို့ ပြောင်းလဲနိုင်သည်။

● ကျောင်းပြီးသည့်နောက်တွင်လည်း ဂျပန်တွင် အလုပ်ရှာလိုသူ

(*တက္ကသိုလ်၊ နည်းပညာကောလိပ်၊ အသက်မွေးပညာသင်ကျောင်း၏ အထူးပြုဘာသာရပ်ကို

သင်ကြားပြီးစီးသူများသာ)

◆"အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု" နေထိုင်ခွင့်ဗီဇာသို့ ပြောင်းလဲပြီး ကျောင်းပြီးသည့်အချိန်မှစ၍ တစ်နှစ်တာ

အလုပ်ရှာဖွေသည့် လှုပ်ရှားမှု လုပ်နိုင်သည်။

-ဗီဇာကို အသစ်ပြင်လျှင် ၁နှစ်ကျော်လွန်သော်လည်း ဂျပန်တွင် အလုပ်ရှာဖွေသည့်လှုပ်ရှားမှု လုပ်နိုင်သည်။

-"ကန့်သတ်ချက်ကျော်လွန် လှုပ်ရှားမှု" ခွင့်ပြုချက် ရထားပါက သီတင်းတစ်ပတ်လျှင် ၂၈နာရီအထိ

အချိန်ပိုင်းအလုပ်လုပ်နိုင်သည်။

နေထိုင်ခွင့်ဗီဇာ နှင့်ပတ်သက်၍ ဘာသာစကားအမျိုးမျိုးဖြင့် တိုင်ပင်ဆွေးနွေးနိုင်သည့်နေရာ

ဒေသဆိုင်ရာ ဘာသာစကားပေါင်းစုံ တိုင်ပင်ဆွေးနွေးရေးကောင်တာ

http://www.clair.or.jp/j/multiculture/association/consultation_list.html

Yorisoi Hotline (ယောလိစိုးအိ ဟော့တ်လိုင်း)

https://www.since2011.net/yorisoi/

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会
原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

မှီငြမ်း/ကိုးကား

"မိခင်နိုင်ငံသို့ပြန်ရန် ခက်ခဲနေသည့် နိုင်ငံခြားသားများအတွက်သာဖြစ်သော ကိုင်တွယ်မှု" (လူဝင်မှုကြီးကြပ်ရေးဌာန ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၉ရက်နေ့ အသစ်ပြင်ဆင်ချက်)

http://www.moj.go.jp/isa/content/930005847.pdf

→ဘာသာစကားပေါင်းစုံ စာမျက်နှာ

http://www.moj.go.jp/isa/nyuukokukanri01_00155.html

"ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် ကူးစက်မှု ဂယက်ကြောင့် မိခင်နိုင်ငံသို့ပြန်ရန် ခက်ခဲနေသည့် ကာလလတ်၊ အချိန်ရှည်နေထိုင်သူနှင့် ယခင်က ကာလလတ်-အချိန်ရှည်နေထိုင်ခဲ့သူ၏ နေထိုင်ခွင့်လျှောက်ထားခြင်းကို ကိုင်တွယ်မှုနှင့်ပတ်သက်၍" (လူဝင်မှုကြီးကြပ်ရေးဌာန ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၉ရက်နေ့ အသစ်ပြင်ဆင်ချက်)

http://www.moj.go.jp/content/001320105.pdf

"ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် ကူးစက်မှု ကျယ်ပြန့်လာခြင်းစသည်များ ခံစားရသည့် ပညာတော်သင်များအတွက် ကိုင်တွယ်မှုနှင့် ပတ်သက်၍" (လူဝင်မှုကြီးကြပ်ရေးဌာန ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၉ရက်နေ့ အသစ်ပြင်ဆင်ချက်)

http://www.moj.go.jp/content/001318472.pdf

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会
原稿作成・翻訳：NPO法人 多言語センターFACIL
https://tcc117.jp/facil/
FACIL